


တင်မြင့်မော်

**ယနေ့** ခေတ်သည်“ပညာခေတ်”ဟု ခေါ်ဆို ရမလောက်အောင်ပင် ပညာ၏ အခန်းကဏ္ဍသည်လူ့အဖွဲ့အစည်း၏များစွာသော နယ်ပယ် များတွင် နေရာယူလာခဲ့သည်။

ယနေ့လူငယ်ထု၏ ယုံကြည်မှုမှာလည်း **From kno-wledge to wisdom** ဟူသောဆောင်ပုဒ် နှင့်အတူ လူပုဂ္ဂိုလ်မှ ပညာဘက်သို့ ရောက်လာသည်ဟု အကဲဖြတ် ကြသည်။

ပညာ၏ အနက်အဓိပ္ပါယ်ကို သရုပ်ခွဲရာတွင်........

ပ–အမျိုးမျိုးအထွေထွေသော

ညာ–မှန်ကန်စွာတတ်မြောက်ခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် ပညာဆိုသည်မှာ “မှန်ကန်စွာ ဝေဖန်ပိုင်းခြားတတ်ခြင်း”ဟူသော သဘောအဓိပ္ပါယ်ကို ဆောင်ပေသည်။

မိလိန္ဒပဥှ ကျမ်းလာ ရဟန်းတော်အရှင် နာဂသေန နှင့် မိလိန္ဒမင်း တို့၏ အမေး၊ အဖြေခန်းတွင်မူပညာ၏ သဘော လက္ခဏာ ကို ဤသို့ဖွင့်ဆို ဖြေကြားသည်။

မိလိန္ဒမင်း – အရှင်ဘုရား ပညာသည် အဘယ်သို့သော လက္ခဏာ ရှိပါသနည်း

အရှင်နာဂသေန – မင်းမြတ်၊ပညာသည် ပိုင်းဖြတ်ခြင်းလက္ခဏာရှိ၏။ ထွန်းလင်းတောက် ပခြင်း လက္ခဏာလည်းရှိပေ၏။

မိလိန္ဒမင်း – အရှင်ဘုရား အဘယ်သို့ ပိုင်းဖြတ်ခြင်း လက္ခဏာ ရှိပါသနည်း။

အရှင်နာဂသေန – မင်းမြတ် အဝိဇ္ဇာ အမှောင်ကို မှုတ်လွှင့် ဖျက်ဆီးနိုင်၍ ပိုင်းဖြတ်ခြင်း လက္ခဏာ ဟုဆိုပါသည်။

မိလိန္ဒမင်း – အရှင်ဘုရား အဘယ်သို့ ထွန်းလင်းတောက်ပခြင်း လက္ခဏာ ရှိပါသနည်း။

အရှင်နာဂသေန – ဝိဇ္ဇာ အလင်းကိုဖြစ်ပေါ်စေ၍ ထွန်းလင်းတောက်ပခြင်း လက္ခဏာ ဟုဆိုပါသည်။

ပညာ ဆိုသည်မှာ သုတသိ **Knowledge** ကို အသွင်ပြောင်း ပုံဖေါ်ယူလိုက်သည့် အသိပညာ (သို့) အတတ်ပညာ ဟုလည်းဖွင့်ဆို ကြသည်။ ထို သုတသိ **Knowledge** မှ ထိုထက် မြင့်မားသော "အမှန်ကို သိမြင်သုံးသတ်နိုင်ခြင်း"အဆင့် **Self Actualized** ရောက်မှသာ ပညာသိ **Wisdom** ဖြစ်သည်ဟု ဆိုနိုင်မည်ဖြစ်သည်။ **Wisdom** ၏ သဘောလက္ခဏာမှာ....

(၁) လောကလုံး သဘောဆောင်နိုင်ရမည်။ **(Universal Concept)**

(၂) ရေရှည်ခံသည့် တန်ဘိုးရှိရမည်။ **(Sustainable Value)**

(၃) ကျင့်ဝတ်ပိုင်းအရ အစစ်အဆေး ခံနိုင်စွမ်းရှိရမည်။ **(Morally Justified)**

(၄) ဘက်းပေါင်းစုံမှ ချဉ်းကပ်နိုင်ရမည်။ **(All Round Dimension)** ဟု ညွှန်းဆိုထားကြသည်။

ပညာအမြင် နှင့်ပတ်သက်၍ ဗုဒ္ဓ၏ အမြင်၊ အယူအဆများကို လေ့လာကြည့်လျှင် လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ခန့်က၊ မဇ္ဈိမဒေသ အိန္ဒိယတွင် မြတ်စွာဘုရားပွင့်တော်မူသော အချိန်အခါတွင် သစ္စာနှင့်ပတ်သက်၍ ပေါ်ပေါက်လာသော ဝါဒအမျိုးအစားများကို အခြေခံ၍ ကြည့်မြင်သင့် ပေသည်။ ထိုပေါ်ပေါက်လာသော ဝါဒအမျိုးအစားများသည် ယေဘူယအားဖြင့် (၃)ခုရှိလေသည်။

**ပထမဝါဒမှာ အတ္တဝါဒ အုပ်စုဖြစ်၍၊ ခေါင်းဆောင်မှာ ဖြဟ္မဏများနှင့် တိတ္ထိကြီးများဖြစ်သည်။**

**ဒုတိယဝါဒမှာ အနတ္တဝါဒ အုပ်စုဖြစ်ပြီး၊ ခေါင်းဆောင်မှာ ဗုဒ္ဓမြတ်စွာဘုရားဖြစ်သည်။**

**တတိယဝါဒမှာ အတ္တနှင့် အနတ္တ ကိုပေါင်းစပ်ထားသော အတ္တာနတ္တ ဝါဒဖြစ်ပြီး ခေါင်းဆောင်မှာ မဟာဝီရ ဖြစ်သည်။**

ကမ္ဘာ့သမိုင်းတွင် ဗုဒ္ဓ နှင့် မဟာဝီရကို မဟာလူသားများအဖြစ် ထည့်သွင်းထားကြသော် လည်း သိပ္ပံနည်းကျ အစစ်ဆေးခံနိုင်ပြီး အိုင်းစတိုင်း၊ စတီဗင်ဟော့ပ်ကင်း စသည့် သိပ္ပံပညာရှင်တို့၏ ထောက်ခံမှုကိုရရှိသည်မှာ ဗုဒ္ဓ ဦးဆောင်သော အနတ္တဝါဒဖြစ်သည်။

လူသားတိုင်းသည် မိမိကိုယ်ကို “အမှန်ကို သိမြင်သုံးသပ်နိုင်ခြင်း” **Self Actualized** မဖြစ်သေးသမျှ အတ္တဝါဒ ကို အခြေခံကြပေသည်။ ပုဂ္ဂလစကျွသည် အတ္တအခြေခံဖြစ်သကဲ့သို့ လောကကို ကြည့်မြင်သောအခါ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ၊ ငါ့ဆွေမျိုး၊ သူစိမ်း အဖြစ်မြင်သည်။ ဘုန်းတောက်စဉ် တည်မြဲသည်ဟု ထင်၍ ဘုန်းကျသည့် အချိန်အခါကို မမြင်နိုင်၊ ပညာမျက်စိ၊ ပညာ အတွေးတို့မှ ကင်းလွတ်ဝေးကွာသည်။

ဗုဒ္ဓ ၏ အမြင် အနတ္တမှာ အတ္တအမြင်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ဓမ္မအမြင်ဖြင့် ကြည့်မြင်ခြင်း ဖြစ်သလို ပညာအမြင်ဖြင့် မြင်ခြင်းလည်းဖြစ်သည်။ မည်သည့်အရာ မှမမြဲသည်ကို အခြေခံ၍ အကြောင်းကြောင့် အကျိုးတရားများဖြစ်ပြီး၊ အကြောင်းအကျိုး ဆက်နွယ်မှုကို ဖြတ်တောက်သော ဝါဒလည်းဖြစ်သည်။ အတ္တသည် လောကီချမ်းသာကို ဦးစားပေး၍ လောကတွဲ၍တည်ရှိသည်။ အနတ္တသည် လောကုတ္တရာ ချမ်းသာကို ရှေ့ရှု၍ လောကကင်းစွာ တည်ရှိပြီး ပကတိချမ်းသာ၊ အေးငြိမ်းမှုတို့ ရှိသည်။



**လူသားတိုင်းသည် မိမိကိုယ်ကို အမှန်ကို သိမြင်သုံးသပ်နိုင်ခြင်း” Self Actualized မဖြစ်သေးသမျှ အတ္တဝါဒ ကို အခြေခံကြပေသည်။**

အတ္တကို ဖယ်ခွာဖို့ရာ မိမိကိုယ်ကို အမှန်မြင်နိုင်ခြင်း (သို့) သုံးသပ်နိုင်ခြင်း **Self Actualized** ဖြစ်ဖို့ရာ လိုအပ်ပေသည်။ သို့မှသာ ပညာသိ **Winsdom** အဆင့် သို့ ရောက်ရှိမည်ဖြစ်သလို လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနများ ကင်းလွတ်ပြီဖြစ်၍ အများကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပြီး အေးချမ်းသာယာသော လူ့ဘောင်သစ်ကိုတည် ဆောက်နိုင်မည်ဖြစ်သည်။

ဝါဒတခုသည် အများကောင်းကျိုး ရှေ့ရှုရန် လိုသည်။ ထိုသို့ အများကောင်းကျိုး ဆောင်ကျဉ်းနိုင်ရန်အတွက် ထိုဝါဒကို ခေါင်းဆောင်သူ၏ အခန်းကဏ္ဍသည် အရေးကြီးသလို ပညာနည်း၍ အတ္တကိုအခြေခံသော၊ အများကောင်းကျိုးကို ကိုယ်စာပြုခြင်း မရှိသော အတွေး

အခေါ်ရှိ ခေါင်းဆောင်များ၊ ခေါင်းဆောင်များ၏ဝါဒသည် ရေရှည်မှတ်ကျောက်တင် မခံနိုင်ပေ။ မဟာဝီရ၏ အတ္တာနတ္တဝါဒ ထင်ရှားသလို၊ ဗုဒ္ဓ၏ အနတ္တဝါဒ သည်လည်း လွှမ်းမိုးသည်။ ဗြဟ္မဏများ ၏ အတ္တဝါဒ ကလည်း ပညာနည်းသူတို့အတွက် အားထားယုံကြည်ရာ ဖြစ်ခဲ့ဖူးပါသည်။



**ဝါဒတခုသည် အများကောင်းကျိုး ရှေ့ရှုရန် လိုသည်။**

ဗုဒ္ဓလက်ထက် ''နိယတ''ဗျာဒိတ် ကို ရနိုင်ရန် အရေးကြီးသော စိတ်ပိုင်းဆိုင်ရာ အင်အား (၂)ရပ်သည် အထွဋ်အထိပ်သို့ ရောက်ရှိပြည့်စုံသွားခြင်းကို သဗ္ဗညုတ ဉာဏ်တော်ကို ရခြင်းဟုဆိုသည်။ ထိုအင်အား (၂)ရပ်မှာ ''ဂရုဏာအင်အား''နှင့် ''ပညာအင်အား'' ပင်ဖြစ်သည်။ သဗ္ဗညုတ အရာသည် သာမန်လူတို့နှင့် ဆက်စပ်ခြင်း မရှိသော်လည်း ''ဂရုဏာ''နှင့် ''ပညာ''မှာ သာမန်လူတို့ ထားရှိနိုင်သော အရာဖြစ်သည်။ ခေါင်းဆောင်တို့ ထားရှိအပ်သော အခြေခံ အရည်အချင်းလည်းဖြစ်သည်။ သို့ဖြစ်၍ ဂရုဏာမဲ့သော ပညာမဲ့သော သူသည် ဧကန်စင်စစ်အားဖြင့် ခေါင်းဆောင်ကောင်းတဦးဟု မသတ်မှတ်နိုင်ပေ။ ဗုဒ္ဓ ၏ အနတ္တဝါဒသည် အခြားဝါဒ (၂) ခုကို လွှမ်းမိုးအောင်နိုင်သွား၍၊ ထေရဝါဒ ဗုဒ္ဓဘာသာ ကျယ်ပြန့်လာခြင်းမှာ အများကောင်းကျိုးပြုခြင်းကြောင့် ဖြစ်သလို၊ သစ္စာတည် မှန်ကန်ခြင်း ကြောင့်လည်းဖြစ်သည်။

ဗုဒ္ဓ သည် ''ကမ္မ''ဟူသော ကံ၏သဘောတရားကို ပြစ်ပယ်ခြင်းလည်း မရှိပေ။ ကံ ၏ အရေးပါမှုနှင့် အကြောင်းအကျိုးတို့၏ ဖြစ်စဉ်ကို လက်ခံသော ''ဉာဏဝါဒ''ကို လက်ကိုင်ပြုသည်။ ကုသိုလ်ရေးရာ ကိစ္စရပ်များ တွင်လည်း စေတနာ အမှန်ထားတတ်မှ ကုသိုလ်ရမည်ဟု ဉာဏ်အရာနှင့် ဆင်ခြင်နိုင်ရေးကိုလည်း အလင်းပြခဲ့သည်။

**ထို့ကြောင့် အများကောင်းကျိုးကို သယ်ပိုးဆောင်ရွက်ကြမည့် နိုင်ငံခေါင်းဆောင်များ၊ အဖွဲ့အစည်းများရှိ ခေါင်းဆောင်များသည် မိမိကိုယ်ကို အမှန်ကို သိမြင်သုံးသပ်နိုင်သော ပညာအမြင် များရရှိ ပိုင်ဆိုင်နိုင်ကြ၍ ဂရုဏာဖြင့်ယှဉ်ကာ လောကကောင်းကျိုးကို သယ်ပိုး ဆောင်ရွက် နိုင်ကြပါစေဟု . . .**

**တင်မြင့်မော်**

အောက်ပါ စာအုပ်များမှ ကိုးကား၊ကောက်နုတ်ချက်များဖြစ်ပါသည်။

(၁) စိန်ခေါ်ကြသူများ (လူငယ်၊ ပညာ၊ ခေတ်ရေစီး)၊ တကောင်းစာအုပ်တိုက် အမှတ်(၁၈)–ကျော်ဝင်း
(၂) အတ္တအခြေပြု လူမှုအဖွဲ့အစည်း (The Waves စက်တင်ဘာ ၂၀၀၈)–ဒေါက်တာနေဇင်လတ်